# ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၆) ရက်နေ့၌ Online မှတစ်ဆင့်ကျင်းပခဲ့သည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးမှတ်တမ်း

## ၁။ ရည်ရွယ်ချက်

နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးအား EITI Impact and outcome assessment နှင့် key performance များအား ဆွေးနွေးရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။

## ၂။ အစည်းအဝေးတက်ရောက်သူများ

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် (၃) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၃) ဦး၊ အရပ်ဘက်ကိုယ်စားလှယ် (၄) ဦး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (MOBD) မှ (၃) ဦး၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ (၃) ဦး ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ (၁၀) ဦး စသဖြင့် စုစုပေါင်း - ၂၅ ဦး၊ ကျား - ၁၅ ဦး၊ မ - ၁၀ ဦး တက်ရောက်ခဲ့သည်။ အသေးစိတ်တက်ရောက်သူစာရင်းအား နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားသည်။

## ၃။ အရပ်ဘက်ကဏ္ဍကိုယ်စားလှယ် ဦးရဲလင်းမြင့်မှ အကျဉ်းချုပ်တင်ပြခြင်း

EITI Requirements အရ outcomes and impact များကို သုံးသပ်ရန်ဟု ပါဝင်ထားကြောင်း၊ ထိုကဲ့သို့ သုံးသပ်မှုများပြုလုပ်ရန်အတွက် MSG အနေဖြင့် ဆောင်ရွက်ရန် လိုအပ်ပြီး Outcomes and impact များအား မည်ကဲ့သို့ သုံးသပ်မည်ကို ဆွေးနွေးထားရန်လိုအပ်ကြောင်း၊ M&E analysis အနေဖြင့် WP ရှိထားသဖြင့် မည်သည့်အချက်သည် အောင်မြင်သည်၊ မည်သည့်လုပ်ငန်းသည် မလုပ်နိုင်သေးဟု သတ်မှတ်နိုင်ခြင်း၊ မည်သည့်ကြောင့်အောင်မြင်ပြီး ဘာလိုအပ်ချက်ရှိတယ်ဆိုသည့် အပေါ်တွင် လေ့လာသွားရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာနိုင်ငံတိုင်းမှာ Monitoring လုပ်ကြကြောင်း၊ NCS ကလုပ်ကြကြောင်း၊ NCS သည်လည်း သီးခြားလွတ်လပ်ရန်လိုအပ်ကြောင်း၊ ပြင်ပက သီးခြားလွတ်လပ်သည့် ပညာရှင်က သုံးသပ်တာလဲရှိကြောင်း၊ လုပ်ငန်းတစ်ခုချင်းသော်လည်းကောင်း၊ လုပ်ငန်းစဉ်တစ်ခုလုံးအပေါ်လည်းကောင်း သုံးသပ်ခြင်းပြုလုပ်ကြောင်း၊ EITI Requirement တွေအတိုင်း အကောင်အထည်ဖော်ခြင်းရှိ၊ မရှိ ပြုလုပ်ခြင်းဖြစ်ကြောင်း၊

EITI Goals များအနေဖြင့် Institutional goals, Implementation goals, developments များရှိကြောင်း၊ ရည်မှန်းချက်တိုင်းကို အမှတ်ပေးစနစ်နဲ့သုံးခြင်းရှိကြောင်း၊ Developing framework for MEITI အနေဖြင့် ရလဒ်တွေနဲ့ပတ်သက်ပြီး တိတိကျကျဖြစ်ရန် သတ်မှတ်ထားကြောင်း၊ ဥပမာအားဖြင့် အချိန်အကန့်အသတ်ပါရမည်ဖြစ်ပြီး မည်ကဲ့သို့အကောင်အထည်ဖော်မည့် လမ်းစဉ်နှင့် အောင်မြင်မှု ရ၊

မရ တိုင်းတာရန် ကိန်းဂဏန်းတွေကို သတ်မှတ်ရန်လိုအပ်ကြောင်း၊

Results Framework အနေဖြင့် မည်ကဲ့သို့ တိုင်းတာမည်ဆိုသည့် Indicator များ သတ်မှတ်ရန် လိုအပ်ကြောင်း၊ Dimension များအနေဖြင့် economic, social, structure, project ဆိုတာ ရှိသည့်အတွက် အဆိုပါအတိုင်း လုပ်နိုင်ပါက ပိုကောင်းမွန်ကြောင်း၊

MEITI Goals and Objectives များအနေဖြင့် မှန်ကန်တိကျတဲ့အချက်အလက်တွေကို သယံဇာတကဏ္ဍမှ ကောက်ယူပြီး ပြည်သူလူထုကို ထုတ်ပြန်ရန်၊ ကောင်းမွန်သည့် အခြေအနေတစ်ခုကို ဖန်တီးရန်၊ ရေရှည်တည်တံ့ခိုင်မြဲသည့် သယံဇာတစီမံခန့်ခွဲမှုဆီသို့ စသဖြင့် ရည်ရွယ်ချက်များ ရှိထားသော်လည်း ကျန်ပြန့်နေကြောင်း၊ ထိုစဉ် Work Plan ရေးဆွဲခဲ့စဉ်က အသေးစိတ်မမြင်ခဲ့ကြ၍လည်း ဖြစ်နိုင်ကြောင်း

Indicator အနေနဲ့ ဘာတွေသတ်မှတ်မလဲဆိုသည့်နှင့်စပ်လျဉ်း၍ Impact indicator အနေနဲ့ မည်သို့ Procedure တွေပြောင်းသွားပြီး မူပြောင်းသွားလဲ၊ ဥပမာ BO ကဲ့သို့ ဆိုပါက မည်သည့် stakeholders တိုး၊ လျော့ ကြည့်လို့ရကြောင်း၊ အစိုးရကဏ္ဍမှ ရရှိသည့်ဒေတာတွေကြည့်ပြီး သုတေသနလုပ်လို့ရတာမျိုး ဆောင်ရွက်နိုင် ကြောင်း၊

MEITI ဘာကြောင့်အကောင်အထည်ဖော်လဲ၊ ဘယ်လိုအကောင်အထည်ဖော်မလဲ၊ ဘာတွေ အကောင် အထည်ဖော်မလဲ စသဖြင့် သတ်မှတ်ဆွေးနွေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ အရင်က ရရှိသည့် အခြေအနေတွေကို ပြန်ကြည့်လို့လည်းရကြောင်း၊ သီးခြားလွတ်လပ်တဲ့ ပညာရှင်က သုံးသပ်ခြင်းက ပိုကောင်းမည်ဖြစ်ကြောင်း၊ ၆ နှစ်တာ ပြုလုပ်ခဲ့သည့် လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်တဲ့ Workshop တစ်ခုပြုလုပ်စေချင်ကြောင်း၊ ၂-၃ ရက် ခန့် ပြုလုပ်ရန်အကြံပြုကြောင်း၊

အနှစ်ချုပ်အနေဖြင့် M&E requirements အရ ရှိသည့်တိုင်းတာလို့ရသည်များ၊ Globally EITI စံနှုန်းများ၊ MEITI present goals နှင့် objectives များ၊ နိုင်ငံတော်အနေနဲ့ MSDP လိုမျိုး Goal တွေရှိပြီး ချိတ်ဆက်မိအောင်လုပ်သင့်ကြောင်း၊ အစုအဖွဲ့ (၃) ခုလုံးပါပြီးလုပ်ရမည်ဖြစ်ပြီး သီးခြားလွတ်လပ်သည့် ပညာရှင်ခေါ်ရန် အကြံပြုကြောင်း၊ မိမိတို့ဘက်က စိုက်ထုတ်ပြီး ပြုလုပ်ရမည်ဆိုလည်း ပြုလုပ်မည် ဖြစ်ကြောင်း စသဖြင့် တင်ပြခဲ့သည်။

အရပ်ဘက်ကိုယ်စားလှယ်က ဆက်လက်၍ ဆွေးနွေးရာ၌ Recommendations တွေရှိထားကြောင်း၊ ရည်မှန်းချက်များ မည်ကဲ့သို့ချထားပြီး မည်ကဲ့သို့အကောင်အထည်ဖော်မည်ဆိုသည်ကို သီးခြား

လွတ်လပ်သည့် ပညာရှင်ခေါ်ပြီး သုံးသပ်နိုင်ရန် Workshop တစ်ခု ကျင်းပရန် အကြံပြုကြောင်း ထပ်မံဖြည့်စွက်ခဲ့သည်။

အစိုးရကိုယ်စားလှယ်ကလည်း ပထမဦးဆုံးအနေဖြင့် ရည်မှန်းချက် (Goals) များ အရင်ပြင်သင့်ကြောင်း၊ ပြီးမှ (၆) နှစ်တာကာလ ပြုလုပ်ခဲ့သည်များအား ပြန်သုံးသပ်သင့်သည်ဟု ထင်မြင်ကြောင်း၊ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း MEITI website တွင် Milestone, objectives များအား မြန်မာ/အင်္ဂလိပ် version များ မတူနေကြောင်း၊ MSG ToR တွင်လည်း မြန်မာ/အင်္ဂလိပ် version များ မတူနေကြောင်း၊ လက်ရှိတွင် လိုအပ်ချက်အရ ပြန်သုံးသပ်ရန်လိုအပ်ကြောင်း၊ အရပ်ဘက် ကိုယ်စားလှယ်တစ်ဦးကလည်း Economic reform ၊ Policy နှင့်ပါချိတ်ဆက်ရန် အကြံပြုကြောင်း၊

အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း achievement တွေထက် Challenges, Weakness များပါ ထည့်သွင်းသင့်ကြောင်း၊ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း နိုင်ငံ၏ ဦးစားပေးကဏ္ဍတွေက မည်သည်များဖြစ်သည်ကို သုံးသပ်ပြီး ရည်မှန်းချက် (Goals) များ သတ်မှတ်သင့်ကြောင်း၊ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း လိုအပ်ပါက fund ထောက်ပံ့နိုင်ကြောင်း၊ သဘောတူပါက မိမိတို့မှ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း ကဏ္ဍစုံပါဝင်ရန် နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များလည်း ပါဝင်ရန် အကြံပြုကြောင်းလည်း ဆွေးနွေးခဲ့သည်။

စီမံကိန်းမန်နေဂျာကလည်း ဆွေးနွေးချက်များအား MSG သို့ တင်ပြ၍ အကြံပြုချက် တောင်းခံသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း အဆင်ပြေပါ ကြောင်းနှင့် ရည်ရွယ်ချက်ကောင်းမွန်သည့်အလုပ်ဖြစ်ကြောင်း၊

အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း အလုပ်ရုံဆွေးနွေးပွဲအား အနည်းဆုံး (၂) ရက်ခန့် ပြုလုပ်ရန် အဆိုပြုကြောင်း၊ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း စက်တင်ဘာလ ပထမအပတ်တွင် ကျင်းပရန်အတွက် သဘောတူကြောင်း၊ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း အဆင်ပြေကြောင်း၊ အထက်လူကြီးများကို တင်ပြထားမည်ဖြစ်ကြောင်း၊ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း MD တို့ထံ ဆက်လက်တင်ပြမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဘတ်ဂျက်တွက်ချက်ရန်အတွက် MATA မှ NCS သို့ လာရောက်ညှိနှိုင်းတွက်ချက်မည်ဖြစ်ပါကြောင်း အရပ်ဘက်ကိုယ်စားလှယ်က ဆွေးနွေးခဲ့ပြီး စီမံကိန်းမန်နေဂျာကလည်း Workshop မပြုလုပ်မီ နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေးတွင် Workshop Design အား တင်ပြဆွေးနွေးရန်

အဆိုပြုကြောင်း၊ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း သက်ဆိုင်ရာ ကဏ္ဍအလိုက် အစုအဖွဲ့အလိုက် အမြင်များကို ကြိုတင်ပြီး အစုအဖွဲ့အကြား ဆွေးနွေးထားရန် တိုက်တွန်းခဲ့သည်။

စီမံကိန်းမန်နေဂျာကလည်း သက်ဆိုင်ရာ ဆရာ၊ ဆရာများ၏ ဖုန်း၊ ဆက်သွယ်ရမဲ့ contacts များကို consultant ကို ရှယ်ပေးရန် တိုက်တွန်းပါကြောင်း၊ အစုအဖွဲ့အလိုက် အစည်းအဝေးများကို NCS က မလုပ်ပေးနိုင်ပါကြောင်း၊ လိုအပ်သည့်အကူအညီ မိမိတို့ဘက်မှ မခေါ်ယူပေးနိုင်တဲ့အတွက် တောင်းပန်ပါကြောင်း၊ အစိုးရကိုယ်စားလှယ်ကလည်း meeting list/schedule လေး လည်း ရှယ်ပေးရန်သာဖြစ်ကြောင်းဆွေးနွေးခဲ့သည်။ စီမံကိန်းမန်နေဂျာကလည်း APR ပြင်ပက လတွေမှာလုပ်တဲ့ပွဲတွေကို update လုပ်ပြီး ပေးမည်ဖြစ်ကြောင်း၊ APR ထဲတွင်လည်း ကြည့်နိုင်ကြောင်း ဆွေးနွေးခဲ့သည်။

အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း သီးခြားလွတ်လပ်တဲ့ Consultant အနေဖြင့် လက်ရှိ sector အပြင်က သူဖြစ်ပါက ကောင်းမွန်မည်ဖြစ်ကြောင်း၊ ToR အား အချက်များများ ပြင်ဆင်ရန်မလိုအပ်ကြောင်း၊ Call Proposal ခေါ်စရာမလိုအပ်ဘဲ အဓိကသည် Independent ဖြစ်ရန် အရေးကြီးကြောင်း စသဖြင့် ဖြည့်စွက်ဆွေးနွေးခဲ့သည်။

## နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ

## အစည်းအဝေးဆုံးဖြတ်ချက်များ

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် (၆) ရက် Online

| စဉ် | ဆွေးနွေးဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ | ဆောင်ရွက်မည့် အချိန် |
|---|---|---|---|
| ၁ | MEITI ပန်းတိုင်များ၊ ရည်မှန်းချက်များအား ပြန်လည်သတ်မှတ်ခြင်း၊ အကောင်အထည်ဖော်မည့်ပုံစံများ၊ Indicators များအား သတ်မှတ်ရန်၊ Impacts and outcomes assessment ပြုလုပ်ရန်အတွက် သီးခြားလွတ်လပ်သည့် Consultant ငှား၍ ပြုလုပ်ရန်<br>• ထိုသို့ ပြုလုပ်ရာ၌ achievement, progress များသာမက challenges, weakness စသည်တို့ကိုလည်း ထည့်သွင်းသုံးသပ်ရန် | T&R Sub-committee, NCS | |

| | | | |
|---|---|---|---|
| | • MEITI ပန်းတိုင်များ၊ ရည်မှန်းချက်များအား ပြန်လည်သတ်မှတ်ရာ၌ Institutional Goals, Operational Goals, Development Goals များ စသဖြင့် ခွဲခြားသတ်မှတ်ရန်<br>• မြန်မာနိုင်ငံ၏ လက်ရှိ National Objectives များနှင့်ချိတ်ဆက်၍ ထည့်သွင်းစဉ်းစားရန် | | |
| ၂ | Consultant ၏ တွေ့ရှိချက်ရလဒ် များအား ပြန်လည်ဆွေးနွေးသုံးသပ်ရန် အတွက် ကဏ္ဍစုံကိုယ်စားလှယ်များပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုအား (၂-၃) ရက် တာ အချိန်ယူ၍ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ပထမအပတ်တွင် ကျင်းပရန်<br>• အဆိုပါအလုပ်ရုံဆွေးပွဲ ကုန်ကျစရိတ်အား MATA မှ ပံ့ပိုးကူညီရန်<br>• MSG ၊ MOBD ၊ NCS ၊ Development Partners များအပါအဝင် ကဏ္ဍစုံမှ Stakeholders စုံလင်စွာ ဖိတ်ကြားရန်<br>• Development Partners များမှ မိမိစရိတ်ဖြင့် ပါဝင်တက်ရောက်ရန် | MSG ၊ MOBD ၊ NCS ၊ Consultant | စက်တင်ဘာလ ပထမ အပတ် |
| ၃ | သီးခြားလွတ်လပ်သည့် Consultant ငှားရမ်းရန်အတွက် Concept မူကြမ်း၊ ToR မူကြမ်းပြင်ဆင်ရန် နှင့် ကုန်ကျစရိတ် လျာထားတွက်ချက်ရန်<br>• ကုန်ကျစရိတ်တွက်ချက်မှုနှင့်ပတ်သက်၍ MATA နှင့် NCS တို့မှ ထပ်မံညှိနှိုင်းရန် | NCS, MATA | |
| ၄ | Consultant အနေဖြင့် Desk Review ပြုလုပ်ခြင်း (MSDP, Economic Policy, Economic Reform, MEITI APRs, MSG TOR, Report Recommendations, 1st Validation Report, Corrective Actions)၊ Workshop Design ရေးဆွဲခြင်း၊ Workshop အစီရင်ခံစာ (Eng/MM) ပြုစုခြင်းတို့အား ဆောင်ရွက်ရန်<br>• Workshop Design အား Technical and Reporting Sub-committee တွင် Consultant အနေဖြင့် တင်ပြဆွေးနွေးရန် | Consultant | |
| ၅ | အလုပ်ရုံဆွေးနွေးပွဲအတွက် ကဏ္ဍအလိုက် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများမှလည်း ကြိုတင်လေ့လာ ဆွေးနွေးထားရန် | သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ | |

| | | | |
|---|---|---|---|
| | • လိုအပ်သည့် အချက်အလက်များ (အစည်းအဝေးအကြိမ် အရေအတွက် အပါအဝင်) နှင့် စာရွက်စာတမ်းများအား NCS မှ ပံ့ပိုးပေးရန် | | |

နောက်ဆက်တွဲ (၁) အစည်းအဝေးတက်ရောက်သူများ (စုစုပေါင်း - ၂၅ ဦး၊ ကျား - ၁၅ ဦး၊ မ - ၁၀ ဦး)

| စဉ် | အမည် | ရာထူး/တာဝန် | ဌာန |
|---|---|---|---|
| **အစိုးရကဏ္ဍ** | | | |
| ၁ | ဦးကျော်ဇောထွန်း | AD | DOM |
| ၂ | ဒေါ်ကြူကြူဝင်း | AGM | MGE |
| ၃ | ဦးရွှေဝင်း | AGM | MGE |
| လုပ်ငန်းရှင်ကဏ္ဍ | | | |
| ၄ | ဦးစိုးမော် | Chair | MFPTMA |
| ၅ | ဒေါ်မေသက်စုဦး | PSC and Partner Reporting Supervisor | TOTAL E&P Myanmar |
| ၆ | ဦးသန့်ဇင်ဦး | EC | MFMA |
| **အရပ်ဘက်ကဏ္ဍ** | | | |
| ၇ | ဒေါ်မိုးမိုးထွန်း | MSG | MATA |
| ၈ | ဦးရဲလင်းမြင့် | MSG | MATA |
| ၉ | ဦးသန့်ဇင် | MSG | MATA |
| ၁၀ | ဦးဘုန်းပြည့်ကြွယ် | PC | MATA |
| MOBD | | | |
| ၁၁ | ဒေါ်ခင်ပပခိုင် | ဒုတိယညွှန်ကြားရေးမှူး | MOBD |
| ၁၂ | ဒေါ်မေဆုမွန်အောင် | ဦးစီးအရာရှိ | MOBD |
| ၁၃ | ဒေါ်အိပိုင်ဖြိုး | စိစစ်ရေးမှူး-၂ | MOBD |
| **ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ** | | | |
| ၁၄ | ဒေါ်တင်ဇာထွန်း | Consultant | World Bank |
| ၁၅ | ဒေါ်သီသီဟန် | Consultant | Word Bank |
| ၁၆ | ဒေါ်တာရာမောင် | | Nathan Associates |
| MEITI-NCS | | | |
| ၁၆ | ဒေါ်နှင်းထက်ထက်အောင် | Program Manager | MEITI-NCS |
| ၁၇ | ဦးကျော်သင်းမောင် | Program Assistant | MEITI-NCS |
| ၁၈ | ဦးနေမင်းမောင် | Technical Coordinator | MEITI-NCS |
| ၁၉ | ဦးဟိန်းထက်စိုး | Technical Officer | MEITI-NCS |
| ၂၀ | ဦးဖွဲ့စည်သူအောင် | BO Coordinator | MEITI-NCS |
| ၂၁ | ဒေါ်ထက်နန္ဒာအောင် | Sr. Communication Officer | MEITI-NCS |

| | | | |
|---|---|---|---|
| ၂၂ | ဦးဇင်ကိုကိုအောင် | Communication Officer | MEITI-NCS |
| ၂၃ | ဦးစိုးသီဟနိုင် | Admin Officer | MEITI-NCS |
| ၂၄ | ဦးတက်ထွန်းဆိုင် | Admin Assistant | MEITI-NCS |
| ၂၅ | ဦးမောင်မောင်မြင့်လွင် | IT Technician | MEITI-NCS |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: communication@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org